MyJustice

မူဝါဒဆိုင်ရာအနှစ်ချုပ်
မတ် ၂၀၁၈

# ဥပဒေ၏ တရားမျှတမှုကို ရှာဖွေခြင်း

ပံ့ပိုးကူညီသည့် အဖွဲ့အစည်း
European Union

အကောင်အထည်ဖော်ဆောင်သည့် အဖွဲ့အစည်း
BRITISH COUNCIL

## နိဒါန်း

"တရားဥပဒေစိုးမိုးမှု အားနည်းခြင်းသည် ပြည်သူလူထုအပေါ် ဖိစီးမှုများ နေ့စဉ်နှင့်အမျှ ဖြစ်စေနိုင်သည်။ အထူးသဖြင့် ဝင်ငွေနည်းပြီး တရားမျှတမှုကို လက်လှမ်းမီနိုင်စွမ်းနည်းပါးသူများ အပေါ် ပိုမိုအကျိုးသက်ရောက်နိုင်သည်။ တရားဥပဒေစိုးမိုးမှု အားနည်းခြင်းသည် ရေရှည်တည်တံ့နိုင်သော ငြိမ်းချမ်းရေး နှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်မှုတို့ရရှိအောင် ဖေါ်ဆောင်ရာတွင်လည်း အဟန့်အတားဖြစ်စေသည်။"[၁] ဟုမြန်မာနိုင်ငံတော်အစိုးရမှ မြန်မာနိုင်ငံစဉ်ဆက်မပြတ်တိုးတက်မှုဆိုင်ရာ စာတမ်းတွင် အသိအမှတ်ပြုဖေါ်ပြထားသည်။ အဆိုပါဦးတည်ချက်ကို အကောင်အထည်ဖေါ်ရန်နှင့် ပိုမိုတရားမျှတပြီး လက်လှမ်းမှီလွယ်သော တရားစီရင်ရေး စနစ်ကိုတည်ဆောက်ရန် ပြည်သူလူထုတို့၏ လိုအပ်ချက် အထောက်အထားများကို အခြေပြုသည့် မူဝါဒဆိုင်ရာ ဦးစားပေးကဏ္ဍများကိုသတ်မှတ်ရန် လိုသည်။

၂၀၁၇ခုနှစ်တွင် MyJustice သည်တရားမျှတမှုအပေါ် လက်လှမ်းမီခြင်းဆိုင်ရာ သုတေသနတစ်ခုကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ကောက်ယူခဲ့သည်။ ယခုမူဝါဒဆိုင်ရာအနှစ်ချုပ်တွင် အဆိုပါစစ်တမ်းမှ လေ့လာတွေ့ရှိသောအဓိကကဏ္ဍ၄-ခုကိုဖော်ပြထားသည်။
၁။ တရားမျှတမှုနှင့်ဥပဒေ
၂။ တရားမျှတမှုကိုမည်သူကပေးအပ်သလဲ?
၃။ နည်းလမ်းတစ်ခုထဲနှင့်အလုံးစုံအဆင်မပြေနိုင်ပါ။
၄။ တရားမျှတမှုကိုလက်လှမ်းမီနိုင်စွမ်းနည်းပါးသူများ အတွက်ထည့်သွင်းစဉ်းစားရန်လိုသည်။

၁။ တရားမျှတမှုနှင့်ဥပဒေ

၂။ တရားမျှတမှုကိုမည်သူကပေးအပ်သလဲ?

၃။ နည်းလမ်းတစ်ခုထဲနှင့်အလုံးစုံ
အဆင်မပြေနိုင်ပါ။

၄။ တရားမျှတမှုကိုလက်လှမ်းမီနိုင်စွမ်းနည်းပါးသူ
များအတွက် ထည့်သွင်းစဉ်းစားရန်လိုသည်။

သုတေသန၏တွေ့ရှိချက်အပြည့်အစုံကို MyJustice မှထုတ်ဝေမည့် "တရားမျှတမှုနှင့်ဥပဒေ-မြန်မာနိုင်ငံတွင် တရားမျှတမှုအပေါ် လက်လှမ်းမီနိုင်မှုကိုနားလည်ခြင်း" အစီရင်ခံစာတွင် ဖတ်ရှုနိုင်ပါသည်။[၂]

[၁] Myanmar Sustainable Development Plan (Draft February 2018)
[၂] ၂၀၁၈ခုနှစ် မေလတွင် www.myjusticemyanmar.org တွင်ရယူနိုင်ပါသည်။

## MyJustice ၏သုတေသန

၂၀၁၇ခုနှစ် ဇွန်လမှ ဩဂုတ်လအထိ MyJustice သည် မြန်မာနိုင်ငံတွင်အကြီးမားဆုံး တရားမျှတမှုဆိုင်ရာ သုတေသနတစ်ခုကို ဆောင်ရွက်ခဲ့သည်။[၃]

အသက်၁၈နှစ်ပြည့်ပြီးသူ ဖြေဆိုသူ၃၅၆၅ဦးတို့ကို ပြည်နယ်နှင့်တိုင်းဒေသကြီး အားလုံးတို့ တွင် ကျဘမ်းစနစ်နှင့် ရွေးချယ်မေးမြန်းခဲ့သည်။ ကျား/မ၊ပညာအရည်အချင်း၊ ကျေးလက်/မြို့ပြဆိုင်ရာ အချိုးအစားများကိုတစ်နိုင်ငံလုံး၏ အချိုးအစားနှင့်ကိုက်ညီအောင်ရွေးချယ်ခဲ့သည်။

သုတေသနတွေ့ရှိချက်တို့၏ ကိန်းဂဏန်းဆိုင်ရာတိကျမှုမှာ +/- ၁.၃၈%ဖြစ်ပြီး တစ်နိုင်ငံလုံး၏လူဦးရေကို ကိုယ်စားပြုနိုင်စွမ်းရှိသည်။[၄] ထို့အပြင်မြို့နယ် ၂၀တွင် သီးသန့်အင်တာဗျူးများ ပြုလုပ်ခဲ့ပြီးအသေးစိတ် အချက်အလက်များ ဖြည့်စွက်ကောက်ယူခဲ့သည်။

[၃] KANTAR/TNS မှအချက်အလက်များ ကွင်းဆင်းကောက်ယူခဲ့သည်။
[၄] ပဋိပက္ခဘေးဒဏ်သက်ရောက်သောနေရာများမပါဝင်ခဲ့ပါ။




၃၅၆၅
ဖြေဆိုသူဦးရေ

၅၄
မြို့နယ်

ပြည်နယ်နှင့်တိုင်းဒေသကြီး
အားလုံးတို့တွင် ကောက်ယူခဲ့သည်။

# တရားမျှတမှုနှင့်ဥပဒေ။

ပြည်သူလူထုသည် ဥပဒေကိုသော်လည်းကောင်း ဥပဒေဆိုင်ရာအဖွဲ့အစည်းများ ကိုသော်လည်းကောင်း တရားမျှတမှုကိုလက်လှမ်းမီအောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိဟု ထင်မြင်ကြသည်။ ပြည်သူလူထု၏ ယုံကြည်မှုကိုးစားမှုကိုရရှိရန် အလို့ငှာ ဥပဒေဆိုင်ရာအသိပညာပေး လုပ်ငန်းများနှင့်မလုံလောက်ပဲ ဥပဒေကို လက်တွေ့ကျင့်သုံးမှုအား ထင်သာမြင်သာရှိအောင် ပြောင်းလဲဖော်ဆောင်ရန်လိုအပ်သည်။

၁.၁။ **တရားမျှတမှုဆိုသည်မှာ သာတူညီမျှရှိခြင်း၏အခြေခံမှု ဖြစ်သည်ဟု အများစုကနားလည်သဘောပေါက်ကြသည်။**

၉၀ရာခိုင်နှုန်းသောဖြေဆိုသူများက အမှုအခင်းများကို ဖြေရှင်းရာတွင်မည်သူ့ကိုမဆို မျှတမှု၊လေးစားမှုတို့နှင့် ဆောင်ရွက်ရမည်ဟု အပြည့်အဝသဘောတူကြသည်။ အလားတူစွာ ၈၅ရာခိုင်နှုန်းသောဖြေဆိုသူများက တရားမျှတမှုကိုလက်လှမ်းမီနိုင်စွမ်းနည်းပါးသူများ၏ လိုအပ်ချက်တို့ကို ထည့်သွင်းစဉ်းစားပေးရမည်ဟု လက်ခံယုံကြည်ကြသည်။

**တရားရေးရာကိစ္စများ၊ အငြင်းပွားမှုများတွင် ပါဝင်သူများကို မျှမျှတတနှင့် လေးစားစွာ ဆက်ဆံသင့်သည်။**




**တရားရေးရာကိစ္စများ၊ အငြင်းပွားမှုများကိုဖြေရှင်းသည့် နည်းလမ်းသည် တရားမျှတမှုကို ရယူနိုင်ရန် အားနည်းသူများ၏ လိုအပ်ချက်များကိုထည့်သွင်းစဉ်းစားသင့်သည်။**




၁.၂။ **သို့သော်ပြည်သူလူထု၏အမြင်တွင် ဥပဒေ၏ အခန်းကဏ္ဍနှင့်တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းတို့၏ လုပ်ဆောင်မှုတို့မှာ လူတစ်ဦးချင်းစီ၏အခွင့်အရေးများကို ကာကွယ်ပေးနိုင်စွမ်းမရှိသည်ကိုတွေ့ရသည်။**

ဥပဒေသည် ထိမ်းချုပ်ရန်နှင့် တည်ငြိမ်မှုရှိရန် အတွက်ဖြစ်သည်ဟု ပိုမို ထင်မြင်ကြပြီး လူတစ်ဦးချင်းစီ၏ အခွင့်အရေးကို ကာကွယ်ပေးခြင်း၊ အငြင်းပွားမှုများကို ဖြေရှင်းခြင်းတို့အတွက်ဖြစ်သည်ဟု ထင်မြင်သူနည်းပါးသည်။ ၂၀ရာခိုင်နှုန်းသော ဖြေဆိုသူများက ဥပဒေဆိုသည်မှာ အဘယ်ကြောင့် ရှိရသည်ကိုမသိပါဟုဖြေဆိုခဲ့ကြသည်။

**ဥပဒေဆိုတာဘာ့ကြောင့်ရှိရတာလဲ**



## ၁.၃။ ဥပဒေဆိုင်ရာဗဟုသုတသည်အဓိကပြဿနာ မဟုတ်သည်ကို တွေ့ရှိရသည်။

ပြည်သူလူထုသည် ဥပဒေဆိုင်ရာ ဗဟုသုတ နည်းပါးသည်ဟု ယူဆခဲ့သော်လည်း[၅] ဥပဒေနှင့် စပ်လျဉ်းပြီးပြည်သူလူထုသည်အခြေခံအားဖြင့် နားလည်သိရှိသည်ကိုတွေ့ရှိရသည်။ ပြည်သူလူထု၏ ဥပဒေအပေါ်အမြင်မှာ မြန်မာနိုင်ငံတွင် ဥပဒေကိုအစဉ်တစိုက် ကျင့်သုံးခဲ့ပုံ၏ အကျိုးသက်ရောက်မှုရှိနေသည်ကို တွေ့ရှိရသည်။ ပြည်သူလူထု၏ယုံကြည်မှုနိမ့်ကျနေခြင်းအား တရားစီရင်ရေးဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများက ပြဿနာတစ်ရပ်အဖြစ် အသိအမှတ်ပြုလက်ခံထားသည်။[၆]




**အဆိုပါတွေ့ရှိချက်များအရ အစိုးရအဖွဲ့အစည်းများသည် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှု ပိုမိုရရှိရန်အလို့ငှာ ပြည်သူနှင့်ပိုမိုပူးပေါင်းဆောင်ရွက်လိုသည့် ကတိကဝတ်ကိုပိုမို ထင်သာမြင်သာရှိအောင် ဖေါ်ပြရန်လိုသည်။ ပြည်သူလူထု၏ ထင်မြင်ယူဆချက်များနှင့် အတွေ့အကြုံတို့ကို ဗဟိုပြု၍ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာများ ချမှတ်ရေးဆွဲသင့်ပါသည်။**

[၅] ပြည်ထောင်စုရှေ့နေချုပ်ရုံး မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၉) - တရားဥပဒေစိုးမိုးရေးဆီသို့
[၆] ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) - အားလုံးအတွက် တိုးတက်ကောင်းမွန်သောတရားမျှတရေးဆီသို့

# တရားမျှတမှုကို မည်သူကပေးအပ်သလဲ?

ပြည်သူလူထုအများစုအတွက်တရားမျှတမှုသည် အလှမ်းဝေးနေဆဲ ဖြစ်သည်။ ဒေသခံတာဝန်ရှိသူများ အထူးသဖြင့် ရပ်ကွက်(သို့)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် တရားမျှတမှုနှင့်ပတ်သက်လျှင် အဓိကကျသူများ ဖြစ်ကြသော်လည်း တရားစီရင်ရေးကဏ္ဍပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစားပေးခြင်းမရှိသေးသည်ကို တွေ့ရသည်။



## ၂.၁။ ပြည်သူလူထုသည် တရားမျှတမှုကိုလက်လှမ်းမီအောင် ဆောင်ရွက်ပေးမည့်သူကင်းမဲ့နေသည်ဟု ခံစားနေရသည်ကို တွေ့ရှိရသည်။

တရားမျှတမှုဆိုင်ရာ တာဝန်ရှိသူများအတွက်ကုန်ကျစရိတ်ကို မတတ်နိုင်ပါဟု ၄၀ရာခိုင်နှုန်းသော ဖြေဆိုသူများက ဖြေဆိုကြသည်။ တရားမဝင်ငွေကြေးမတောင်းခံသော တာဝန်ရှိသူဆိုသည်မှာမရှိကြောင်း၂၈ရာခိုင်နှုန်းမှဖြေဆိုခဲ့သည်။ ဘက်လိုက်မှုကင်းသော တာဝန်ရှိသူဆိုသည်မှာ မရှိပါဟု၁၈ရာခိုင်နှုန်းမှဖြေဆိုခဲ့သည်။




## ၂.၂။ အငြင်းပွားမှုများကို ဖြေရှင်းရာတွင် ဒေသခံ တာဝန်ရှိသူများ၏ အဓိကကျသောအခန်းကဏ္ဍနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများထံသွားရောက် ဆက်သွယ်နိုင်စွမ်းရှိပုံတို့ကို သုတေသနတွင် တွေ့ရှိရသည်။

အများစုသောဖြေဆိုသူများက ရပ်ကွက်(သို့) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့ကို တရားမျှတမှုဆိုင်ရာ လုပ်ငန်းစဉ်များဖြစ်သော လုံခြုံရေး၊ မှုခင်းကာကွယ်ရေး၊ မှုခင်းစုံစမ်းဖော်ထုတ်ခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းတို့အတွက်အဓိက တာဝန်ရှိသူများအဖြစ် သတ်မှတ်ကြသည်။ တရားသူကြီးနှင့်ရဲတပ်ဖွဲ့ဝင်များကို မှုခင်းစုံစမ်းဖော်ထုတ်ခြင်း၊အပြစ်ရှိမရှိစစ်ဆေးခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းစသည်တို့အတွက် တာဝန်ရှိသူများအဖြစ် သတ်မှတ်သည်ကိုတွေ့ရှိရသည်။

## ၂.၃။ အငြင်းပွားမှုများဖြေရှင်းရာတွင်အခြားတာဝန်ရှိသူများလည်း ပါဝင်ကြသည်။

၂၀ရာခိုင်နှုန်းသော ဖြေဆိုသူများက ဆယ်အိမ်မှူးများ၊ ရာအိမ်မှူးများနှင့် ရပ်မိရပ်ဖများတို့မှ ရပ်ကွက်(သို့) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ပံ့ပိုးပေးမှုများကို ဖော်ပြခဲ့ကြသည်။ အုပ်ချုပ်ရေးမှူးများ သည် မည်သည့်ကိစ္စကို ရဲစခန်းသို့တိုင်ကြားရန် သို့မဟုတ် မတိုင်ကြားပဲထားရှိရန်ကို ဆုံးဖြတ်ရာတွင် အခရာကြသူများဖြစ်ပြီး ရဲစခန်းသို့ မရောက်လိုပါကရပ်ရွာတွင်းတွင်သာ ဖြေရှင်းရန်ဖိအား ပေးလေ့ ရှိပုံကိုလည်း တွေ့ရှိရသည်။ အုပ်ချုပ်ရေးမှူးတို့၏ ဖြေရှင်းပုံနည်းလမ်းများ တရားမျှတမှုရှိစေရန် လမ်းညွှန်မှုများ ရှင်းလင်းပြတ်သားစွာမရှိသည်ကိုတွေ့ရှိရသည်။

### သင်၏ရပ်ရွာအတွင်းတွင် အောက်ပါတို့အတွက် မည်သူကတာဝန်အရှိဆုံးဟုထင်ပါသလဲ



၂.၄။ **မည်သည့်တာဝန်ရှိသူထံသွားရောက်ဖြေရှင်းမည်ကို ဆုံးဖြတ်ရွေးချယ်ခြင်းသည် အမှုအခင်း သို့မဟုတ် အငြင်းပွားမှု အမျိုးအစားအပေါ်တွင် မူတည်သည်။**
ရပ်ရွာတွင်းအချင်းချင်းဖြစ်ပွားလေ့ရှိသောသာမန် အငြင်းပွားမှုများ ဖြစ်ခဲ့ပါကရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးထံသွားရောက်ဖြေရှင်းကြမည်ဟု အများစုကဖြေဆိုကြပြီး ရာဇဝတ်မှုဖြစ်ခဲ့ပါကရဲထံသွားရောက်ဖြေရှင်းမည်ဟုအများစုကဖြေဆိုသည်။ အုပ်ချုပ်သူများနှင့်အမှုအခင်းသို့မဟုတ်အငြင်းပွားမှုများ ဖြစ်ခဲ့ပါကမည်သို့ဖြေရှင်းရမည်ကိုမသိပါဟုအများစုက ဖြေဆိုကြသည်။

**အောက်ပါအငြင်းပွားမှု/အမှုအခင်းများကို မည်သည့်နည်းလမ်းနှင့်ဖြေရှင်းရန် အကောင်းဆုံးဟု ထင်ပါသလဲ။**







နည်းလမ်းတစ်ခုထက်ပိုမိုဖြေဆိုနိုင်ပြီး ပထမ အဖြေ သုံးမျိုးကိုဖေါ်ပြထားသည်။

မြန်မာနိုင်ငံ၏တရားစီရင်ရေးကဏ္ဍကိုပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် ဒေသခံတာဝန်ရှိသူများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်သည်။ အဆိုပါဒေသခံတာဝန်ရှိသူများသည် တရားမျှတမှု ရရှိအောင်ဆောင်ရွက်ရာတွင် အဓိကကျသော အခန်းကဏ္ဍတွင်ရှိနေပြီး ဒေသခံလူထု၏ ယုံကြည်ကိုးစားမှုကိုလည်း ပိုမိုရရှိထားသူများဖြစ်ကြသည်။ ထိုကဲ့သို့ချိတ်ဆက်ရန်အလို့ငှာ တရားစီရင်ရေးဆိုင်ရာ မူဝါဒများနှင့် ဒေသန္တရအုပ်ချုပ်ရေး ယန္တရားစနစ်များ အကြား ပူးတွဲလုပ်ပိုင်ခွင့်များနှင့် အပြန်အလှန်ထိမ်းညှိမှုစနစ်များ ချမှတ်ဖေါ်ဆောင်ရန်လိုအပ်မည်။

# နည်းလမ်းတစ်ခုထဲနှင့် အလုံးစုံအဆင်မပြေနိုင်ပါ။

ပြည်သူလူထု၏ တရားမျှတမှုဆိုင်ရာလိုအပ်ချက်များ သည်လူမှုရေးနှင့်စီးပွားရေးဆိုင်ရာ လိုအပ်ချက်များ နှင့်ဆက်စပ်နေသည်။ ထိရောက်သော တရားမျှတမှု ဆိုင်ရာ လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရေး အတွက် လူမှုစီးပွားဆိုင်ရာ လိုအပ်ချက်များကို သိရှိရန် လိုအပ်သည်။

## ၃.၁။ အငြင်းပွားမှုဖြစ်ပွားမှုနှုန်းသည် အာရှတိုက်အတွင်းရှိ အခြားသော ဖွံ့ဖြိုးဆဲနိုင်ငံများ နှင့် အလားတူ ဖြစ်သည်ကိုတွေ့ရှိရသည်။

ဖြေဆိုသူ၏ ၁၇ရာခိုင်နှုန်းခန့်မှာလွန်ခဲ့သော ၂-နှစ်အတွင်း မိမိကိုယ်တိုင် သို့မဟုတ် မိမိသိကျွမ်းသူများ အငြင်းပွားမှုများ ကြုံတွေ့ခဲ့ဖူးသူများဖြစ်ကြောင်းတွေ့ရှိရသည်။ ၅ရာခိုင်နှုန်းမှာ တစ်ကြိမ်ထက်ပိုပြီး ကြုံတွေ့ခဲ့ဖူးသည်ကိုတွေ့ရှိရသည်။

**လွန်ခဲ့သော ၂-နှစ်အတွင်း သင်(သို့မဟုတ်) သင်၏မိသားစုဝင်တစ်ဦး အငြင်းပွားမှုများ/အမှုအခင်းများနှင့် ကြုံတွေ့ခဲ့ရပါသလား။**




## ၃.၂။ ဖြစ်ပွားခဲ့သော အငြင်းပွားမှုများသည် စားဝတ်နေရေး သို့မဟုတ် အခြေခံဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်ခြင်း စသည်တို့နှင့် ဆက်စပ်လျှက်ရှိသည်။

အဖြစ်အများဆုံးသော အငြင်းပွားမှုနှင့်အမှုအခင်းအမျိုးအစား ၃-မျိုးမှာ အကြွေးပြဿနာ (၃၂ ရာခိုင်နှုန်း)၊ မွေးစာရင်းနှင့်မှတ်ပုံတင် ပြုလုပ်ခြင်းဆိုင်ရာကိစ္စ (၂၃ ရာခိုင်နှုန်း)၊ လယ်ယာမြေမှတ်ပုံတင်ခြင်း (၁၁ ရာခိုင်နှုန်း) တို့ဖြစ်ကြသည်။ အိမ်တွင်းအကြမ်းဖက်မှုဆိုင်ရာ အမှုများမှာ တိုင်ကြားခဲ့ပုံမရှိပဲ အမှန်တကယ်ဖြစ်ပွားခဲ့သည်ထက် နည်းပါးနေပုံရသည်။

**မည်ကဲ့သို့သောအငြင်းပွားမှု/အမှုအခင်းမျိုးကြုံတွေ့ခဲ့ပါသလဲ။**



### ၃.၃။ ကြုံတွေ့ခဲ့ရသောအငြင်းပွားမှုများနှင့် အမှုအခင်းများ၏ထက်ဝက်ခန့်မှာ မည်သည့်နည်းနှင့်မျှ မဖြေရှင်းပဲထားခဲ့သည်ကိုတွေ့ရသည်။[၁]

အငြင်းပွားမှုများနှင့် အမှုအခင်းများကိုဖြေရှင်းရန်ကြိုးစားသည့်အခါ ရပ်ရွာတွင်းတွင်ဖြေရှင်းရန်ကြိုးစားကြပြီး ရပ်ကွက်(သို့) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံတွင်သော်လည်းကောင်း၊ တဖက်လူနှင့်တိုက်ရိုက် ညှိနှိုင်းခြင်းမှသော်လည်းကောင်း ဖြေရှင်းကြသည်ကိုတွေ့ရှိရသည်။ ဖြေဆိုသူများသည် လယ်မြေအမှုအခင်းနှင့် မှတ်ပုံတင်ဆိုင်ရာပြဿနာများကို အကြွေးကိစ္စများနှင့်စာလျှင်ပိုမို၍ ဖြေရှင်းကြသည်ကိုတွေ့ရှိရသည်။

#### ဘာကြောင့်မဖြေရှင်းပဲထားခဲ့တာလဲ




[၁] အငြင်းပွားမှုများနှင့်အမှုအခင်းများကို ဖြေရှင်းသည့်နည်းလမ်းများဆိုင်ရာ အချက်အလက်သည် စီမံကိန်းဧရိယာ မြို့နယ် ၂၀တွင်သာကောက်ယူခဲ့ပြီး တနိုင်ငံလုံးကို ကိုယ်စားမပြုပါ။

သုတေသနတွင်တွေ့ရှိရသည့်အငြင်းပွားမှုနှင့် အမှုအခင်းအမျိုးအစားများမှာ စားဝတ်နေရေး သို့မဟုတ် အသက်မွေးဝမ်းကျောင်းမှုတို့နှင့်ဆက်စပ်နေသည်။ အငြင်းပွားမှုနှင့် အမှုအခင်းများအတွက် တရားစီရင်ရေးအပြင် အခြားလူမှုဘဝဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာလုပ်ငန်းများကိုလည်း ချိတ်ဆက်ဆောင်ရွက်ပေးသင့်သည်။

# တရားမျှတမှုကိုလက်လှမ်းမှီ နိုင်စွမ်းနည်းပါးသူများ အတွက် ထည့်သွင်းစဉ်းစားရန် လိုသည်။

အချို့သောအုပ်စုများမှာတရားမျှတမှုကို လက်လှမ်းမီ နိုင်စွမ်းနည်းပါးသူများဖြစ်ကြသည်။အဆိုပါ အုပ်စုများမှာ ကျေးလက်ဒေသတွင်နေထိုင်သူများ၊ ပညာအရည်အချင်းနိမ့်ပါးသူများ၊ တိုင်းရင်းသားလူနည်းစုများ၊ အချို့သောဘာသာခြားများဖြစ်ကြသည်။

**၄.၁။ အချို့သောအုပ်စုများမှာ အငြင်းပွားမှုများနှင့် အမှုအခင်း ကြုံတွေ့နိုင်ရခြေ ပိုမိုမြင့်မားသည်ကို တွေ့ရှိရသည်။**

အမှုအခင်းတစ်ခုထက်ပို၍ ကြုံတွေ့နိုင်ချေရှိပြီး မတရားမှုကို ပိုမိုကြုံတွေ့ခံစားနိုင်သူများမှာ တိုင်းရင်းသား လူနည်းစုများနှင့် အချို့သော ဘာသာခြားများဖြစ်သည်။

**၄.၂။ အဆိုပါအုပ်စုများသည် မတရားမှုများကို ဖြေရှင်းလိုသည့် ဆန္ဒနှင့်မတရားမှုတို့အား သိရှိနိုင်စွမ်းနည်းပါးသည်။**

ကျေးလက်ဒေသတွင်နေထိုင်သူများနှင့် ပညာအရည်အချင်းနိမ့်ပါးသူများ တို့သည် သုတေသနမေးခွန်းအများစုကို မသိပါဟု ဖြေဆိုခဲ့ကြသူများ ဖြစ်ကြသည်။[၈]

**မသိပါ ဟုဖြေဆိုသူများ၏အချိုးအစား**

- တရားမျှတမှုကိုလက်လှမ်းမီနိုင်စွမ်းနည်းပါးသူများ - ကျေးလက်နေပညာရည်နိမ့်ပါးသူအမျိုးသမီးများ
- အခြားသူများ







[၈] ပညာအရည်အချင်းနိမ့်ပါးသည်ဆိုသည်မှာ စာမတတ်ခြင်း သို့မဟုတ် မူလတန်းအောင်အဆင့်ကို ဆိုလိုသည်။

၄.၃။ **အဆိုပါအုပ်စုတို့တွင်တစ်ခုထက်ပိုမို၍ ပါဝင်နေသူများသည် တရားမျှတမှုကိုရရှိနိုင်စွမ်း ထပ်မံနည်းပါးသွားသည်ကို တွေ့ရှိရသည်။**

ကျေးလက်နေ ပညာအရည်အချင်း နိမ့်ပါးသော အမျိုးသမီးများ၏ ဖြေဆိုနိုင်စွမ်း နှစ်ဆပိုမိုနိမ့်ကြသွားသည်ကို တွေ့ရှိရသည်။
ထိုအပြင် အချို့သော တိုင်းရင်းသားလူနည်းစုများနှင့် ဘာသာခြားများတွင်လည်းထိုကဲ့သို့ နိမ့်ကြသွားသည်ကို တွေ့ရှိရသည်။







တရားမျှတမှုကို လက်လှမ်းမှီနိုင်စွမ်း နည်းပါးသူများသည် အငြင်းပွားမှုများနှင့် အမှုအခင်းများကို အကြိမ်ကြိမ် ကြုံတွေ့ရဖွယ်ရှိပြီး မတရားမှုများကို မည်ကဲ့သို့သိမြင် ဖြေရှင်းရမည်ကိုလည်း နားလည်နိုင်စွမ်းနည်းပါးသည်။ ဤကဲ့သို့ အဖက်ဖက်တွင် အားနည်းနေသူများအပေါ် ဆင့်ကဲအကျိုးသက်ရောက်မှုများနှင့် တရားမျှတမှုကို တပြေးညီ လက်လှမ်းမီစေနိုင်မည့် နည်းဗျူဟာများကို လေ့လာဖေါ်ထုတ်နိုင်သည့်သုတေသနများ ထပ်မံပြုလုပ်သင့်သည်။

# သုံးသပ်ချက်များနှင့် အကြံပြုချက်များ

မြန်မာနိုင်ငံတွင် တရားမျှတမှုကိုပိုမိုလက်လှမ်းမီစေရန်အတွက် တရားစီရင်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ သိသာထင်ရှားသင့်သည်။ တရားမျှတမှုသည် ဒေသန္တရအုပ်ချုပ်ရေး၏ တစိတ်တဒေသဖြစ်သင့်ပြီး တရားမျှတမှုနှင့်ဆင်းရဲမွဲတေမှုတိုက်ဖျက်မှုကိုတပြိုင်နက်ထဲ ဆောင်ရွက်သင့်သည်။

## တရားစီရင်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများ သိသာထင်ရှားသင့်သည်။

မြန်မာနိုင်ငံ၏တရားစီရင်ရေးကဏ္ဍမှ တာဝန်ရှိအဖွဲ့အစည်းများအနေနှင့် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကိုတည်ဆောက်ရန်အရေးပါပုံကို လက်ခံ အသိအမှတ်ပြုပြီးဖြစ်သည်။ သို့သော်လည်း ဥပဒေဆိုင်ရာ ဗဟုသုတများပိုမိုပြန့်ပွားလာအောင် ဆောင်ရွက်ရန်ဦးတည်ထားရှိသည်။

ဥပဒေအသိပညာပေးလုပ်ငန်းများမှာ အရေးပါသော်လည်း မြန်မာနိုင်ငံ၏တရားစီရင်ရေးစနစ်ပြုပြင်ပြောင်းလဲမှုဖြစ်စဉ် အကျိုးရှိထိရောက်ရန်အတွက်မှာ ပြည်သူလူထုအပေါ် ဥပဒေ၏အကာအကွယ်ပေးနိုင်စွမ်းအပေါ်မူတည်လျက်ရှိသည်။

တရားစီရင်ရေးဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများသည် ပြည်သူလူထု အနေနှင့်တရားမျှတမှု ဆိုင်ရာ အတွေ့အကြုံကောင်းများ ရရှိခံစား ရစေရန် မည်ကဲ့သို့ ဆောင်ရွက်မည်ဟူသည့် ခိုင်မာသည့် လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်သင့်သည်။ ထိုမှတဆင့် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကိုတည်ဆောက်ပြီး ပြည်သူလူထု၏လက်ရှိအမြင်ကို ပြောင်းလဲလာစေရန် ရည်ရွယ်သင့်သည်။

## တရားမျှတမှုသည် ဒေသန္တရအုပ်ချုပ်ရေး၏ တစိတ်တဒေသဖြစ်သင့်သည်။

ပြည်သူလူထုအများစုသည်အငြင်းပွားမှုများနှင့်အမှုအခင်းများကို ရပ်ရွာအဆင့်တွင်ဖြေရှင်းရန် ဆက်လက်ကြိုးပမ်းကြမည်ဖြစ်ပြီး ရပ်ကွက်(သို့) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှတဆင့် အဓိကဖြေရှင်းရန်ကြိုးပမ်းကြမည် ဖြစ်သည်။

တရားမျှတမှုဆိုင်ရာတာဝန်ရှိအဖွဲ့အစည်းများအပေါ်တွင် ပြည်သူလူထု၏ အမြင်အမျိုးမျိုးရှိကြောင်းတွေ့ရှိရသည်။အငြင်းပွားမှုနှင့်အမှုအခင်းများကို ရပ်ရွာအဆင့်တွင် ဖြေရှင်းရန်ကြိုးပမ်းနေကြသော်လည်း ပြည်သူလူထုသည် ဘက်လိုက်မှုကင်းရှင်းခြင်း၊ ကုန်ကျစရိတ်သင့်လျော်ခြင်းနှင့် ယုံကြည်ကိုးစား နိုင်ခြင်းတို့နှင့်စပ်လျဉ်း၍ စိုးရိမ်မှုများရှိနေဆဲဖြစ်သည်ကိုတွေ့ရှိရသည်။

တရားစီရင်ရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွင် တရားမျှတမှု ရရှိစေရန် အတွက်တာဝန်ရှိသူအမျိုးမျိုး၏ပါဝင်ပတ်သက်နေမှုကို အသိအမှတ်ပြုသင့်သည်။

ပြုပြင်ပြောင်းလဲရေးဆိုင်ရာမဟာဗျူဟာချမှတ်ရာတွင် တရားစီရင်ရေးစနစ်နှင့် ဒေသန္တရအုပ်ချုပ်ရေး ယန္တရားစနစ်များအကြားချိတ်ဆက်မှုများချမှတ်ထားရှိကာ ပြည်သူလူထုအားလုံး မျှတပြီးကုန်ကျစရိတ် သင့်လျော်သော တရားစီရင်ရေးစနစ်များကို တပြေးညီလက်လှမ်းမီစေရန်ဆောင်ရွက်သင့်သည်။

## တရားမျှတမှု၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်မှုနှင့်ရေရှည်တည်တံ့နိုင်သောငြိမ်းချမ်းရေးတည်ဆောက်မှုတို့ကို တပြိုင်နက်ထဲဆောင်ရွက်သင့်သည်။

တရားမျှတမှုအပေါ်လက်လှမ်းမီခြင်းသည် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးနှင့်လူမှုစီးပွား သာတူညီမျှ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကနဦးလိုအပ်ချက်ဖြစ်သည်ဟု ဤသုတေသနမှတွေ့ရှိရသည်။ ကမ္ဘာတဝှမ်း ကျယ်ပြန့်စွာလေ့လာတွေ့ရှိရသော တရားမျှတမှုနှင့်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့၏ အပြန်အလှန် အကျိုးသက်ရောက်မှုဆိုင်ရာ အထောက်အထားများနှင့်အညီဖြစ်သည်ကိုလည်း တွေ့ရှိရသည်။[၉]

ဝင်ငွေနည်းသူများ၏အသက်မွေးဝမ်းကျောင်းမှုအပေါ် တရားမျှတမှု ကင်းမဲ့ခြင်းမှ သက်ရောက်နိုင်သောဆိုးကျိုးများကိုလည်းတွေ့ရှိရသည်။ ဥပမာ လယ်ယာမြေအငြင်းပွားမှုများ၊ ငွေကြေးဆိုင်ရာအငြင်းပွားမှုများ၊ နှင့် အစိုးရဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်ရန်ခက်ခဲခြင်းတို့ဖြစ်သည်။ အချို့သောဝင်ငွေနည်းပြီး တရားမျှတမှုကိုလက်လှမ်းမီနိုင်စွမ်းနည်းသူများသည် တရားမျှတမှုကို ရရှိနိုင်စေမည့်နည်းလမ်းများ ပိုမိုနည်းပါးသည်ကိုတွေ့ရှိရသည်။

တရားမျှတမှုကိုလက်လှမ်းမီစေခြင်းအားနိုင်ငံတော်အစိုးရ၏ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး ဆိုင်ရာ လုပ်ငန်းစဉ်နှင့် ရေရှည်တည်တံ့နိုင်သောငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တို့၏ ဗဟိုချက်မ အဖြစ်သတ်မှတ်ထားရှိသင့်သည်။

တရားမျှတမှုဆိုင်ရာပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အား ကျန်းမာရေး၊ပညာရေးဆိုင်ရာ ဝန်ဆောင်မှုများနှင့်ချိတ်ဆက်ပေးနိုင်ရန်ဆောင်ရွက်သင့်သည်။ ထို့အပြင်အစိုးရ၏ တာဝန်ခံယူမှုမြင့်မားလာကာ တရားမျှတမှုကိုလက်လှမ်းမီနိုင်စွမ်းနည်းပါးသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးလာနိုင်စေရန်လည်း ဆောင်ရွက်သင့်သည်။ ပဋိပက္ခဒဏ်ခံရသူများ၏ တရားမျှတမှုဆိုင်ရာလိုအပ်ချက် တို့ကိုလည်းဖြည့်ဆည်း ပေးနိုင်အောင် ဆောင်ရွက်ပေးသင့်သည်။

[၉] တရားမျှတမှုကိုလက်လှမ်းမီခြင်းသည် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဦးတည်ချက် အမှတ် ၁၆ တွင်ပါဝင်သည်။

MyJustice


လိပ်စာ။ ။ အမှတ် ၂၄ ၊ ပထမထပ် (ဘယ်ဘက်) ၊
၃၉ လမ်း ၊ ကျောက်တံတားမြို့နယ် ၊
ရန်ကုန် ၊ မြန်မာ။

+၉၅-၁-၃၇၀-၉၃၃   လိုင်းခွဲ ၃၁၁၁ နှင့် ၃၁၁၂

myjustice@mm.britishcouncil.org

www.myjusticemyanmar.org

https://www.facebook.com/myjusticemyanmar/